**နိုင်ငံခြားရေးဝန်ကြီးဌာန**

**သံတမန်ရေးရာဘွဲ့လွန်ဒီပလိုမာသင်တန်း(Diploma in Diplomacy - DID)**

**သင်တန်းအပတ်စဉ်(၁) နေပြည်တော်တန်းခွဲအတွက်**

**သင်တန်းသားလျှောက်လွှာခေါ်ယူခြင်း**

၁။ နိုင်ငံခြားရေးဝန်ကြီးဌာန မြန်မာသံတမန်သင်တန်းကျောင်းနှင့် Naypyitaw State Academy တို့ ပူးပေါင်း၍ သံတမန်ရေးရာဘွဲ့လွန်ဒီပလိုမာ [Diploma in Diplomacy (DID)]သင်တန်း အပတ်စဉ်(၁) နေပြည်တော်တန်းခွဲကို အောက်ပါအစီအစဉ်အတိုင်း ဖွင့်လှစ်မည်ဖြစ်ပါသည်-

| | | |
|---|---|---|
| (က) | သင်တန်းအမည် | - သံတမန်ရေးရာဘွဲ့လွန်ဒီပလိုမာသင်တန်း [Diploma in Diplomacy (DID)] |
| (ခ) | သင်တန်းဝင်ခွင့်အရည်အချင်း | - ပညာရေးဝန်ကြီးဌာနအသိအမှတ်ပြု တက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရရှိပြီးသူများ |
| (ဂ) | သင်တန်းကာလ | - First Semester (၂၀၂၅ ခုနှစ်၊ ဇူလိုင်လမှ နိုဝင်ဘာလအထိ)<br>Second Semester (၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလမှ ၂၀၂၆ ခုနှစ် မတ်လအထိ) |
| (ဃ) | သင်တန်းချိန်များ | - အပတ်စဉ် တနင်္လာနေ့မှ သောကြာနေ့အထိ (ရုံးဖွင့်ရက်များအတွင်း)<br>နေ့စဉ် ၀၇:၀၀ နာရီမှ ၀၉:၀၀ နာရီအထိ |
| (င) | သင်တန်းနေရာ | - နိုင်ငံခြားရေးဝန်ကြီးဌာန၊ နေပြည်တော် |
| (စ) | လက်ခံမည့်သင်တန်းသားဦးရေ | - (၇၅)ဦး |

၂။ အဆိုပါသင်တန်းသည် နိုင်ငံခြားရေးဝန်ကြီးဌာနသို့ အရာထမ်း/အမှုထမ်းအဖြစ် ဝင်ရောက်လိုသူများ၊ နိုင်ငံတကာနှင့် ထိတွေ့ဆက်ဆံနေရသော အဖွဲ့အစည်းများနှင့် ဝန်ကြီးဌာနများမှ ပုဂ္ဂိုလ်များ၊ နိုင်ငံတကာဆက်ဆံရေးနှင့် သံတမန်ရေးရာကို စိတ်ပါဝင်စားသူများအတွက်ရည်ရွယ်ပါသည်။ လျှောက်ထားလိုသူများသည် အောက်ဖော်ပြပါစာရွက်စာတမ်းများနှင့်အတူ နိုင်ငံခြားရေးဝန်ကြီးဌာန၊ နေပြည်တော်သို့ လူကိုယ်တိုင်ဖြစ်စေ၊ အွန်လိုင်းမှဖြစ်စေ ၂၃-၆-၂၀၂၅ ရက်မှ ၂၇-၆-၂၀၂၅ ရက်အတွင်း လျှောက်ထားနိုင်ပါသည်-

(က) ဘွဲ့လက်မှတ် (သို့မဟုတ်) ယာယီဘွဲ့ထောက်ခံစာမိတ္တူ

(ခ) နိုင်ငံသားစိစစ်ရေးကတ်မိတ္တူ

(ဂ) နိုင်ငံ့ဝန်ထမ်းဖြစ်ပါက သက်ဆိုင်ရာဌာနအကြီးအကဲ၏ သင်တန်းတက်ရောက်ခွင့်ပြုကြောင်း ထောက်ခံစာ

(ဃ) ရပ်ကွက်နှင့် ရဲစခန်းထောက်ခံစာ(နိုင်ငံ့ဝန်ထမ်းဖြစ်က မလို)

(င) ပတ်စပို့ဓာတ်ပုံ (၃)ပုံ

၃။ လျှောက်ထားသူများသည် ၇-၇-၂၀၂၅ ရက်နှင့် ၈-၇-၂၀၂၅ ရက်တွင် နိုင်ငံခြားရေးဝန်ကြီးဌာန၊ နေပြည်တော်၌ အင်္ဂလိပ်စာနှင့် အထွေထွေဗဟုသုတ ရေးဖြေစာမေးပွဲကို ဖြေဆိုရမည်ဖြစ်ပါသည်။ လူတွေ့စစ်ဆေးခြင်းဖြေဆိုရန် အမည်စာရင်းအား ၁၁-၇-၂၀၂၅ ရက်တွင် ထုတ်ပြန်သွားမည်ဖြစ်ပြီး လူတွေ့စစ်ဆေးခြင်းကို ၁၄-၇-၂၀၂၅ ရက်မှ ၁၆-၇-၂၀၂၅ ရက်အထိ ကျင်းပပြုလုပ်သွားမည်ဖြစ်ပါသည်။ ရွေးချယ်ခံရသည့် သင်တန်းသားအမည်စာရင်းအား ၂၀၂၅ ခုနှစ်၊ ဇူလိုင်လ တတိယပတ်တွင် ထုတ်ပြန်သွားမည်ဖြစ်ပါသည်။ အွန်လိုင်းမှလျှောက်ထားသူများအနေဖြင့် လူတွေ့လာရောက်ဖြေဆိုရာတွင် အထက်ဖော်ပြပါ စာရွက်စာတမ်းမူရင်းများအား တစ်ပါတည်းယူဆောင်လာရန်ဖြစ်ပါသည်။

၄။ အွန်လိုင်းဖြင့်လျှောက်လွှာတင်သွင်းခြင်းအား အောက်ဖော်ပြပါ link တွင် လျှောက်ထားနိုင်ပါသည်-

https://forms.gle/Lyc3YLoHgjczvBFu9

၅။ သင်တန်းနှင့်ပတ်သက်၍ အသေးစိတ်သိရှိလိုပါက အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်-

လေ့ကျင့်ရေးဌာနခွဲ - ၀၆၇ ၄၁၂၅၅၄

မဟာဗျူဟာလေ့လာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန